**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၂ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။**

**[၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၂။]**

**၁၃၁၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်။**

**(၁၉၅၂ ခုနှစ်၊ စက်တဘ်ာလ ၂၂ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၁,၁၈,၈၈,၃၂,၀၀၀(ဤအက်ဥပဒေဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ် ဆိုင်ရာအသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက်ငွေချေးယူခြင်း။

၂။ ။ (၁) ၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့်နှစ်အတွင်း စုစုပေါင်းကျပ်ငွေ ၂၂,၂၆,၁၈,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေး ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်းထိုငွေများကို ဘဏ္ဍာရေးဝန်ကြီးအား ထုတ်ချေးရမည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊ ဘဏ္ဍာရေးဝန်ကြီးသည် မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၃) ဤအက်ဥပဒေအရထုတ်ပေးသည့် အာမခံစာချုပ်များနှင့်သက်ဆိုင်သော ငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့် စရိတ်ငွေများကို၎င်း၊ ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

**ဇယား**

**[ပုဒ်မ ၁ ကိုကြည့်]**

| အစိုးရဌာန | ခွဲဝေသုံးစွဲသည့်ငွေ<br>ကျပ် |
|---|---|

| | |
|---|---|
| အကောက်တော်နှင့် နိုင်ငံတွင်းအကောက်တော် | ၃၁,၄၃,၀၀၀ |
| အမြတ်တော်ခွန် | ၁၃,၁၀,၀၀၀ |
| မြန်မာနိုင်ငံတော် အောင်ဘာလေသိန်းဆု | ၅,၁၉,၀၀၀ |
| မြေခွန်တော် | ၁,၀၅,၄၇,၀၀၀ |
| ယစ်မျိုး | ၂၆,၇၈,၀၀၀ |
| တံဆိပ်တော်ခေါင်းများနှင့်မှတ်ပုံတင်မှု | ၃,၈၀,၀၀၀ |
| သစ်တော | ၇၆,၆၃,၀၀၀ |
| အခြားအခွန်တော်များနှင့်အကောက်တော်များ | ၁၂,၁၈,၀၀၀ |
| ဆည်မြောင်းအစရှိသည့်လုပ်ငန်းများ | ၉၃,၄၁,၀၀၀ |
| စာပို့တိုက်နှင့်ကြေးနန်း | ၁,၅၂,၀၆,၀၀၀ |
| အတိုးနှင့်ကြွေးမြီ | ၃၈,၇၄,၀၀၀ |
| ပါလီမန် | ၃၅,၁၃,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ၂,၁၁,၁၃,၀၀၀ |
| စာရင်းစစ် | ၃၁,၈၄,၀၀၀ |
| တရားရေး | ၇၆,၂၉,၀၀၀ |
| အကျဉ်းထောင်များ | ၇၇,၇၂,၀၀၀ |
| ရဲအဖွဲ့ | ၆,၆၉,၇၄,၀၀၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များ | ၁,၀၉,၀၄,၀၀၀ |
| သာသနာရေးကိစ္စများ | ၂၅,၆၅,၀၀၀ |
| နိုင်ငံခြားရေး | ၅၈,၂၅,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | ၂၄,၅၉,၀၀၀ |

| | |
|---|---|
| ပညာရေး ... ... ... | ၅,၆၅,၆၇,၀၀၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး ... ... | ၂,၇၇,၅၂,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမ ငွေစုငွေချေး လုပ်ငန်းနှင့်ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေး ... | ၁,၁၁,၀၃,၀၀၀ |
| စက်မှုလက်မှုအလုပ်အကိုင်များ ... ... ... | ၁၈,၈၇,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှု ... ... ... | ၂၁,၃၀,၀၀၀ |
| အထွေထွေဌာနများ ... ... ... | ၂,၉၅,၁၇,၀၀၀ |
| ငွေစက္ကူ၊ ဒင်္ဂါး စသည်များနှင့် ဒင်္ဂါးသွန်းစက်ရုံ ... ... | ၃,၆၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ ... ... ... | ၃,၂၇,၈၉,၀၀၀ |
| ပင်ရှင်လစာငွေများ ... ... ... | ၁,၇၀,၂၀,၀၀၀ |
| စာရေးကိရိယာနှင့် စာပုံနှိပ်ခြင်း ... ... ... | ၄၅,၃၇,၀၀၀ |
| အထွေထွေ ... ... ... ... | ၁,၀၅,၈၁,၀၀၀ |
| ကာကွယ်ရေး ... ... ... ... | ၂၅,၀၀,၀၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ထောက်ပံ့ငွေ ... ... | ၂,၁၅,၀၀,၀၀၀ |
| စစ်ကြောင့်ထွက်ခွါမသွားမီ တင်ရှိသည့်ကြွေးမြီတာဝန်များ ... | ၁,၃၅,၀၀၀ |
| သာမန်အသုံးစရိတ်များအတွက် တိုင်းကော်မီတီများအသုံးပြုရန် အထူးထောက်ပံ့ငွေများ ... ... ... | ၁၂,၀၀,၀၀၀ |
| သစ်တောအတွက် မ,တည်ငွေရင်း ... ... | ၂၉,၀၀၀ |
| ဆည်မြောင်းစသည့်လုပ်ငန်းများအတွက် မ,တည်ငွေရင်း ... | ၅၀,၆၀,၀၀၀ |
| စာပို့တိုက်နှင့် ကြေးနန်းအတွက် မ,တည်ငွေရင်း ... ... | ၆၁,၃၅,၀၀၀ |
| ရဲအဖွဲ့အတွက် မ,တည်ငွေရင်း ... ... ... | ၁၆,၂၉,၀၀၀ |

| | |
|---|---|
| ရေကြောင်းဆိုင်ရာ၊ မီးပြတိုက်များနှင့် မီးပြသင်္ဘောများအတွက် မ,တည်ငွေရင်း ... ... ... ... | ၁,၆၄,၄၉,၀၀၀ |
| နိုင်ငံခြားရေးအတွက် မ,တည်ငွေရင်း ... ... | ၃,၀၀,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာ ဌာနများအတွက် မ,တည်ငွေရင်း ... | ၂,၀၀,၀၀၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း ... ... | ၁,၀၀,၈၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာအတွက် မ,တည်ငွေရင်း ... ... | ၈၈,၉၉,၀၀၀ |
| လယ်ယာစိုက်ပျိုးရေးအတွက် မ,တည်ငွေရင်း ... ... | ၁,၇၆,၀၀၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း ... | ၁,၂၅,၀၈,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း ... | ၃၂,၅၈,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း ... ... | ၄,၁၄,၄၇,၀၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်းအတွက် မ,တည်ငွေရင်း ... | ၄၀,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေရင်း ... | ၁၄,၇၆,၅၀,၀၀၀ |
| စက်မှုလက်မှုလုပ်ငန်းတိုးတက်ရေးအတွက် မ,တည်ငွေရင်း ... | ၁,၈၈,၉၃,၀၀၀ |
| ရုတ်တရက်အသုံးစရိတ်ရံပုံငွေ ... ... ... | ၂,၀၀,၀၀,၀၀၀ |
| ငွေလုံးငွေရင်းအသုံးစရိတ်များအတွက် တိုင်းကော်မီတီများအသုံးပြုရန် အထူးထောက်ပံ့ငွေများ ... ... ... | ၉၈,၀၀,၀၀၀ |
| စီမံကိန်းအဖွဲ့များနှင့် မြန်မာနိုင်ငံတော်မီးရထားအဖွဲ့သို့ချေးငွေများ ... | ၁၅,၁၇,၁၂,၀၀၀ |
| အခြားအတိုးရသည့် ကြိုတင်ထုတ်ပေးငွေများနှင့် အတိုးမရသည့်ကြိုတင်ထုတ် ပေးငွေများ ... ... ... | ၇,၉၆,၇၂,၀၀၀ |
| ပေါင်း ... | ၁,၁၈,၈၈,၃၂,၀၀၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်။
(၁၉၅၂ ခုနှစ်၊ စက်တဘာလ ၂၂ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၆၁]